# မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ပါ

"မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း" ဟူ သော စကားလုံးကို ကြားလိုက်ရသည်နှင့် သင့်စိတ်ထဲသို့မည်သည့်အကြောင်းအရာများရောက်လာပါသနည်း။ စီးပွားရေးစီမံကိန်းကြီးများ၏ မြင်ကွင်းများရောက်လာပါသလား။ ကုမ္ပဏီများကို လုံးဝ တစ်ဖြစ်လဲသွားရအောင် ပြုလုပ်နိုင်သည့် ဈေးကွက်အခင်းအကျင်းအား ပဋ္ဌလက်ပြသကဲ့သို့ ပြုလုပ်ရန် စိတ်ကူးရောက်လာပါသလား။ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းကိုပဲ စိတ်ကူးဖြင့်မှန်းဆမိပါသလား။ သို့မဟုတ်ပါက ကမ္ဘာ့သမိုင်းမှ ကြီးကျယ်သော တိုက်ပွဲစဉ်များကို ပြန်သတိရမိပါသလား၊ ဥပမာ စစ်သူကြီး Hannibal ခေါင်းဆောင်သော တပ်ကြီးသည် ရောမတပ်မတော်၏ အလစ်အငိုက်ကို ရရှိစေရန် အတွက် Alps တောင်တန်းကြီးများကို ဖြတ်ကျော်ခဲ့ခြင်း၊ အနောက်ဥရောပတစ်ခွင်လုံးကို စစ်ဘုရင် Charlemagne က အုပ်စီးထားနိုင်ခြင်း နှင့် Normandy ကမ်းခြေကို မဟာမိတ်တပ်များက D-Day တွင်ချဉ်းနင်းဝင်ရောက် တိုက်ခိုက်ခြင်း စသည်တို့ ဖြစ်ပါသလား။မှန်ကောင်းမှန်ပါလိမ့်မည်။သို့သော် မဟာဗျူဟာဆိုသည်မှာ စစ်ရေးစစ်ရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းတို့၌သာ ကန့်သတ်ထားရန်မဟုတ်ပါ။ လူ့ဘဝ၏ မည်သည့်နယ်ပယ်၌မဆို သင့်ကို အကျိုးရှိထိရောက်စေရန် မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းက ပြုလုပ်ပေးနိုင်ပါသည်။

**သင့်ဘဝကို စီမံချက်ချပါ၊ သင့်စီမံချက်ကို ရှင်သန်ပါစေ**

"လူအများစုတို့သည် သူတို့၏ ဘဝများအတွက် စီမံချက်များ ချမှတ်ကြသည်ထက် နွေရာသီအားလပ်ရက်အပန်းဖြေခရီးထွက်ရန်စီမံချက်ချကြသည်ကပိုများသည်"ဟူသော ဆိုစကားသည် ပြောစမှတ်ဖြစ်နေပါသည်။ စာရေးသူ Maxwell က များသောအားဖြင့် လူတို့သည် မိမိတို့၏ ဘဝများအတွက် တစ်နေ့လျှင်တစ်ကြိမ်သာစီမံချက်ပြုလုပ်ကြသည်ဟု ဆိုပါသည်။ နံနက်အိပ်ရာထပြီးနောက် တစ်နေ့တာလုပ်ဆောင်ရန် စာရင်း(to do list) ကိုပြုစုကြသည်။ ထို့နောက် စတင်လှုပ်ရှားကြတော့သည်။ (လူတချို့သည် ဤမဟာဗျူဟာကိုပင် မပြုလုပ်နိုင်ကြသည်ကိုလည်း တွေ့ရပါသည်။)

လူအနည်းငယ်ကသာ သူတို့၏ဘဝများအတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ကြိုတင်၍ စီမံချက်ပြုလုပ်ကြပါသည်။သူတို့သည် သက်ဆိုင်သော ရက်သတ္တပတ်အတွက် ပြက္ခဒိန်တွင် ကြည့်သည်၊ ချိန်းဆို ထားချက်များကိုစစ်ဆေးသည်၊ ပန်းတိုင်များအတွက် ပြန်လည်ဆန်းစစ်သည်၊ ထို့နောက် အလုပ်စလုပ်ကြသည်။သူတို့သည်တစ်နေ့တစ်ကြိမ်သာ စီမံချက်ချလေ့ရှိကြသောအခြားလုပ်ဖော်ကိုင်ဖက်အများစုထက်ပိုမိုစွမ်းဆောင်အောင်မြင်ကြသည်။ စာရေးသူ Maxwell က ထိုသူတို့ထက် သူကတစ်ဆင့်သာသည်ဟုဆိုပါသည်။

သူသည်လတိုင်း၏ အစပိုင်းတွင် နေ့တစ်ဝက်ခန့်အချိန်ယူ၍ နောက်ရက်လေးဆယ်အတွက် လုပ်ငန်းပြက္ခဒိန်ကိုရေးဆွဲပါသည်။ ရက်သုံးဆယ်အစား သူက ရက်လေးဆယ်အတွက်ပြုစုခြင်းမှာနောက်လကို အုပ်မိစေရန်နှင့် အလစ်အငိုက်မမိစေရန် ဖြစ်သည်ဟုဆိုပါသည်။ ထိုသို့ပြုစုရာတွင် သူသည် ခရီးထွက်ခွာမည့် အစီအစဉ်များအား ပြန်လည်စစ်ဆေးခြင်းနှင့် မိသားစုအတွင်း လှုပ်ရှားမှုများကို စီမံချက်ပြုလုပ်ခြင်းဖြင့် စတင်လေ့ရှိပါသည်။ ထို့နောက် ရက်သတ္တငါးပတ်မှ ခြောက်ပတ်အတွင်း ပြီးမြောက်အောင်မြင်ရမည့် လုပ်ငန်းစီမံကိန်းများ၊ သင်ကြားခြင်းနှင့် သင်ယူခြင်းပြုလုပ်ရမည့် သင်ခန်းစာများနှင့် အခြားရည်မှန်းချက်များကို ပြန်လည်သုံးသပ်ရေးဆွဲခြင်းပြုလုပ်ပါသည်။ နောက်ပိုင်းတွင် သူသည်စဉ်းစားတွေးခေါ်ရန်၊ စာရေးရန်၊ အလုပ်လုပ်ရန်၊ လူများနှင့်တွေ့ဆုံရန် အစရှိသောကိစ္စများအတွက် အချိန်နာရီ

နှင့်နေ့ရက်များကိုအခြားကိစ္စများကဝင်ရောက်နှောက်ယှက်ခြင်းမပြုနိုင်ရန်သီးသန့်ရွေးချယ်၍ရေးဆွဲသည်။ ပျော်ရွှင်စရာအချိန်များ ဥပမာ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ ဘောလုံးပွဲကြည့်ခြင်း၊ ဂေါက်ကစားခြင်း တို့အတွက်လည်း အချိန်များခွဲဝေပေးသည်။ မမျှော်လင့်သော ကိစ္စများအတွက် အစားထိုးပေးလျော်ရမည့် အချိန်ကိုလည်း ဖယ်ထားရပါသေးသည်။ ထိုသို့ပြုလုပ်ပြီးသောအချိန်တွင် လာမည့်ရက်သတ္တပတ်များ အတွင်း နာရီပိုင်းအလိုက် သူဘာလုပ်မလဲဆိုသည်ကို အားလုံးလောက်နီးနီး ပြောပြနိုင်ပြီဖြစ်ပါသည်။ Maxwell က သူသည် အလုပ်အများအပြားကို အောင်မြင်ပြီးမြောက်အောင်လုပ်နိုင်ရသည့် အကြောင်းရင်း များတွင် ဤမဟာဗျူဟာသည် အဓိကကျသော အချက်တစ်ချက်အနေဖြင့် ပါဝင်သည်ဟု ဆိုပါသည်။

**မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း၏ ပါဝါကို ဘာကြောင့် ထုတ်လွှတ်ရန်လိုအပ်ပါသနည်း**

မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် လူတို့အားစီမံချက်များပြုလုပ်ရန်၊ စွမ်းဆောင်ရည် သာလွန်ကောင်းမွန်စေရန်၊အားသာချက်အများဆုံးဖြစ်စေရန်နှင့် မည်သည့်ရည်မှန်းချက်ကိုမဆိုအောင်မြင် စွာရရှိနိုင်ရေးတိုက်ရိုက်အကျဆုံး လမ်းကြောင်းကို ရှာဖွေရန်တို့အတွက် အကူအညီပေးနိုင်ပါသည်။

မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း၌ အကျိုးကျေးဇူးအမြောက်အမြားရှိပါသည်။ သင်၏ စဉ်းစားတွေးခေါ်မှု လက်သုံးကိရိယာများတွင် မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် အဖိုးတန် ကိရိယာတစ်ခုအဖြစ် လက်ခံနိုင်ရပါမည်။ ထိုသို့လက်ခံသင့်သော အကြောင်းတရားများအနက် တချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(၁) မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် အခက်အခဲကို ရှင်းလင်းလွယ်ကူစေသည်။**

မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် ခန္ဓာကိုယ်အတွင်းမှသဘာဝအလျောက် ထုတ်လုပ် ပေးနေသော ဒြပ်ပစ္စည်းများကို ကိုယ်တွင်းရောဂါများကုသရန်အတွက် အကွက်ချစီမံရခြင်းနှင့် မခြားနား ပါ။ စပိန်လူမျိုးဝတ္ထုရေးဆရာ Miguel de Cervantes က "ပြင်ဆင်မှုပြီးစီးသောလူသည် တိုက်ပွဲကို တစ်ဝက်တိုက်ခိုက်ပြီးဖြစ်သည်" ဟု ပြောခဲ့ပါသည်။ မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းသည် ဖော်ပြရန်အလွန်ခက်ခဲပြီးရှုပ်ထွေးသောကိစ္စများနှင့် နှစ်ရှည်ရည်မှန်းချက်များကို ကိုင်တွယ်ရခြင်းဖြစ်၍ ၎င်းကိစ္စတို့အားစီမံခန့်ခွဲနိုင်သောအရွယ်အစားသို့ရောက်ရှိစေရေးအတွက် စိတ်ပိုင်းပေးရန်လိုအပ်ပါသည်။ အစိတ်အပိုင်းတစ်ခုစီအတွက် စီမံချက်တစ်ခုစီချမှတ်ပြီးသောအခါတွင် အစစအရာရာသည် ရှင်းလင်း လွယ်ကူသွားပြီဖြစ်ပါသည်။

ထို့အပြင်မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် နေ့စဉ်ဘဝစီမံခန့်ခွဲမှုကိုလည်း ရှင်းလင်း လွယ်ကူစေရန်အကူအညီပေးနိုင်ပါသည်။ဆီလျော်သော ပုံစံနှင့်စနစ်တို့ကို အသုံးပြုခြင်းသည် ကောင်းမွန် သော မဟာဗျူဟာများကို ထပ်တလဲလဲ အသုံးပြုခြင်းနှင့်မခြားနားပါ။ စာရေးသူ Maxwell သည် သူ၏ ဖိုင်တွဲခြင်းစနစ်ကြောင့် တရားဟောဆရာများနှင့် အခြားဟောပြောသူများအကြားတွင် ထင်ရှားကျော်ကြား ခြင်းဖြစ်ပါသည်။ မိနစ်ခွန်းတစ်ခုသို့မဟုတ် ပို့ချချက်တစ်ခုကို ရေးသားရန် ခက်ခဲနိုင်ပါသည်။ သို့သော် သူသည်အကိုးအကားများ၊ ဝတ္ထုဇာတ်ကြောင်းများနှင့် ဆောင်းပါးအချက်အလက်များကို ဖိုင်တွဲထားသည့် စနစ်ကို အသုံးပြုခြင်းဖြင့် အချက်တစ်ခုကို ကွက်ကွက်ကွင်းကွင်းမီးမောင်းထိုးပြရန် လိုအပ်လာသည့် အချိန်တွင် သူ၏ဖိုင်တွဲပေါင်း ၁၂၀၀ မှ ဖိုင်တစ်ဖိုင်ဆီသို့ ရောက်သွားခဲ့လျှင် တန်ဖိုးရှိသောအရာတစ်ခု ကို ရှာဖွေတွေ့ရှိမည်သာဖြစ်၍ အလွန်အလုပ်ဖြစ်ပါသည်။ ထို့ကြောင့်မည့်သည့်ခက်ခဲသော ရည်မှန်းချက် တာဝန်ကိုမဆို မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းဖြင့် ရှင်းလင်းလွယ်ကူအောင် လုပ်နိုင်ပါသည်။

**(၂) မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် မှန်ကန်သော မေးခွန်းများကို မေးနိုင်ရန် စေ့ဆော်ပေးသည်။** ရှုတ်ထွေးသောသို့မဟုတ်ခက်ခဲသောကိစ္စများကိုစိတ်ပိုင်းလိုသည်ဆိုလျှင်အောက်ပါလုပ်ငန်းစဉ်အတိုင်း မေးခွန်းများကိုမေးရပါမည်။ (လွှမ်းခြုံသောစီမံချက်ရေးဆွဲခြင်း"Masterplanning" စာအုပ်ကို ရေးသားခဲ့သော စာရေးဆရာ Bobb Biehl ပြုစုခဲ့သော နမူနာမေးခွန်းများကို လေ့လာကြည့်စေလိုပါသည်။)

- **အရပ်မျက်နှာလားရာ။** နောက်ထပ်ကျွန်တော်တို့ဘာလုပ်သင့်သလဲ၊ ဘာကြောင့်လဲ။
- **အဖွဲ့အစည်း။** မည်သည့်ကိစ္စအတွက် မည်သူကတာဝန်ယူမလဲ၊ မည်သူ့အတွက် မည်သူကတာဝန်ယူမလဲ၊ ကျွန်တော်တို့ဆီမှာ လူမှန်နေရာမှန်ဖြစ်နေပြီလား။
- **ငွေရေးကြေးရေး။** ကျွန်တော်တို့မျှော်မှန်းထားသည့် ဝင်ငွေ၊ ကုန်ကျစရိတ် နှင့် အသားတင်ဝင်ငွေက ဘယ်လောက်လဲ၊ ကျွန်တော်တို့ခံနိုင်စွမ်းရှိသလား၊ ခံနိုင်စွမ်းရှိရန်ဘယ်လိုလုပ်မလဲ။
- **ခြေရာခံခြင်း။** ကျွန်တော်တို့ပန်းတိုင်ရောက်ပြီလား။
- **ခြုံ၍အကဲဖြတ်ခြင်း။** ကျွန်တော်တို့မျှော်လင့်တောင်းဆိုထားသည့်အရည်အသွေးကိုရနေပြီလား။
- **မွမ်းမံခြင်း။** ကျွန်တော်တို့ပိုမိုထိရောက်မှုရှိစေရန်နှင့် စွမ်းဆောင်ရည်သာလွန်ကောင်းမွန်စေရန် ဘယ်လိုလုပ်ကြမလဲ။ (စံပြဖြစ်ရန်ရှေးရှုခြင်း)

ဤမေးခွန်းများသည် စာရှုသူအတွက် မဟာဗျူဟာစီမံချက်တစ်ခုကို ပုံဖော်ရာတွင် မေးရန်လိုအပ်သော မေးခွန်းအားလုံးမဟုတ်ပါ၊ သို့သော် ကောင်းမွန်သော အစပျိုးမှုတစ်ခုတော့ဖြစ်နိုင်ပါသည်။

**(၃) မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် စိတ်တိုင်းကျအထူးပြုလုပ်ခြင်းကိုစေ့ဆော်ပေးသည်။** ဗိုလ်ချုပ်ကြီး George S. Patton က"အောင်မြင်သော ဗိုလ်ချုပ်များသည် အခြေအနေနှင့် ကိုက်ညီသောစီမံချက်များကိုပြုလုပ်ကြသည်၊ စီမံချက်များနှင့်ကိုက်ညီစေရန် အခြေအနေကို ဖန်တီးခြင်းကား မပြုလုပ်ကြပါ" ဟု သူ့အမြင်ကိုဖော်ထုတ်ခဲ့ပါသည်။

ကောင်းမွန်သော မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်သူအားလုံးသည်အနုစိတ်စဉ်းစားနိုင်သူများဖြစ်ကြသည်။သူတို့သည် မဟာဗျူဟာကို ပြဿနာနှင့်ဆီလျော်အပ်စပ်စေရန် ကြိုးစားပြီးရေးဆွဲကြသည်။ အဘယ့်ကြောင့်ဆိုသော် မဟာဗျူဟာတစ်ခုသည် အဆိုပြုချက်အားလုံးနှင့်အံ့ဝင်ဂွင်ကျဖြစ်သည်ဟူ၍ မရှိသောကြောင့်ဖြစ်သည်။ဖြစ်ကတတ်ဆန်း သို့မဟုတ် ယေဘုယျစဉ်းစားခြင်းသည် အောင်မြင်မှု၏ရန်သူဖြစ်သည်။ မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ရာတွင် စိတ်တိုင်းကျ အထူးပြုလုပ်ရန် ရည်ရွယ်ချက်ရှိမှုသည်စိတ်ကူးများ၏မသဲမကွဲဖြစ်ပေါ်မှုအခြေအနေကို ကျော်လွှားသွားစေနိုင်သည်။ ထို့အပြင်ရည်မှန်းချက် တာဝန် သို့မဟုတ် ပြဿနာတစ်ရပ်၏ နောက်ပိုင်းအထိရောက်အောင် ထိတွေ့မှုရှိစေသည်။

**(၄) မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် မသေချာသော မနက်ဖြန်အတွက် ယနေ့သင့်ကို ပြင်ဆင်ပေးသည်။** မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် သင်ရောက်ရှိနေသော နေရာနှင့် သင်ရောက်လိုသော နေရာတို့ကို ဆက်သွယ်ရန် ပေါင်းကူးတံတားထိုးပေးသည်၊ ၎င်းက ယနေ့သင့်အတွက် လားရာအရပ်မျက်နှာနှင့် အများယုံကြည်လက်ခံမှုကို ရရှိအောင်လုပ်ပေးသည်။ ထို့အပြင် သင်၏ မနက်ဖြန်အောင်မြင်မှုအတွက် ယနေ့အလားအလာကို တိုးပွားစေသည်။ ဝတ္ထုရေးဆရာမ နှင့်

ကဗျာဆရာမ Mary Webb ဆိုထားသကဲ့သို့ သင်ကိုယ်တိုင်စီးနင်းမသွားမီတွင် သင်၏ အိပ်မက်များကို မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းက ကုန်းနှီးတင်ပေးပါသည်။

**(၅) မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည်မှားယွင်းနိုင်မှုမျဉ်းကိုကျဉ်းမြောင်းစေသည်။**

သေနတ်ကို ခါးမှာပိုက်၍ ပစ်လျှင်ဖြစ်စေ၊ ရုတ်တရက်ချက်ခြင်းတုံ့ပြန်မှုပြုလျှင်ဖြစ်စေ သင်၏ မှားယွင်းနိုင်မှု မျဉ်းမှာ ကျယ်ပြန့်ပါမည်။ ဂေါက်သီးတစ်လုံးကို ဖြောင့်တန်းမှုယူခြင်းမပြုဘဲ ရိုက်ထုတ်သကဲ့သို့ဖြစ်၏။ ဒီဂရီအနည်းငယ်ဖြောင့်တန်းမှုလွဲသွားသည်နှင့် ဘောလုံးသည် အလံတိုင်မှ ကိုက်ရာချီ၍ ဝေးကွာသွားစေနိုင်သည်။ မဟာဗျူဟာမြောက်စဉ်းစားခြင်းသည်ဤမှားယွင်းနိုင်သောမျဉ်းကိုကျဉ်းမြောင်းစေနိုင်သည်။ သင်၏ ရည်မှန်းချက်များနှင့် သင့်လှုပ်ရှားမှုများကို ဖြောင့်တန်းမှုရှိအောင် လုပ်ပေးနိုင်ရမည်။ ဘောလုံးကို အလံတိုင်အနီးသို့ ကျရောက်စေရန် ဖြောင့်တန်းမှုယူသကဲ့သို့ဖြစ်၏၊ သင်သည် ပန်းတိုင်နှင့်ပို၍ဖြောင့်တန်းမှုရှိလေ မှန်ကန်သောလားရာအတိုင်း ရောက်ရှိနိုင်ခြေ ပို၍အလေးသာလေ ဖြစ်ပါသည်။

**(၆) မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းသည် အခြားလူများအပေါ် လွှမ်းမိုးစေသည်။**

အုပ်ချုပ်မှုလူကြီးတစ်ယောက်က အခြားတစ်ယောက်ကို အတွင်းစကားပြော၏၊ "ကျွန်တော်တို့ကုမ္ပဏီမှာ နှစ်တိုစီမံချက်နှင့်နှစ်ရှည်စီမံချက်ဆိုပြီးရှိတယ်၊ကျွန်တော်တို့ရဲ့နှစ်တိုစီမံချက်ကိုအသာကလေးမျှောနေခြင်းအားဖြင့် ကြာတော့ နှစ်ရှည်စီမံချက်ဖြစ်လာမှာပဲ" ဟူ၏။ ဤသည်မှာ မည်သည့်နည်းနှင့်မျှ မဟာဗျူဟာတစ်ရပ်ဖြစ်မလာနိုင်ပါ၊သို့သော်အချို့စီးပွားရေးလုပ်ငန်းခေါင်းဆောင်များသည်သူတို့ကိုယ်သူတို့ ထိုအခြေအနေသို့ ရောက်အောင်လုပ်နေကြပါသည်။ ဤနည်းဖြင့် မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းကို လစ်လျူရှုထားကြသောကြောင့် ပြဿနာများတက်နေကြခြင်းဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းကိုတည်ထောင်ရန်ပျက်ကွက်ခြင်းသာမက ၎င်းစီးပွားရေးလုပ်ငန်းတွင် ပါဝင်သူတိုင်း၏ လေးစားယုံကြည်မှုကိုလည်း ဆုံးရှုံးစေပါသည်။

စီမံချက်ရှိသောလူသာပါဝါရှိသောလူဖြစ်သည်။သင်က မည်သည့်လုပ်ငန်းအမျိုးအစားတွင် ပါဝင်သည်ဖြစ်စေ ဝန်ထမ်းများသည် ကောင်းမွန်သောစီမံချက်ရှိသော ခေါင်းဆောင်၏ နောက်တွင်သာ နေလိုကြသည်။ ကောင်းမွန်သော ဘုရားကျောင်းအုပ်ချုပ်ရေးစီမံချက်ရှိသော သင်းအုပ်ဆရာထံ သို့ စေတနာ့ဝန်ထမ်းများကလာရောက်ပူးပေါင်းလိုကြသည်။ကလေးများသည် ကျောင်းပိတ်ရက်အတွက်သေသေချာချာ စဉ်းစားထားသော စီမံချက်ရှိသူ လူကြီးတို့နှင့်အတူ လိုက်ပါလိုကြသည်။ သင်သည် မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းကို လက်တွေ့လုပ်ဆောင်ကြည့်ပါ၊ အခြားလူများက သင့်စကားကိုနားထောင်လာကြမည်၊ သင့်နောက်က လိုက်ပါလာကြမည် ဖြစ်သည်။ ထို့ကြောင့်အကယ်၍ သင်သည် အဖွဲ့အစည်းတစ်ခုတွင် ခေါင်းဆောင်မှုနေရာတစ်နေရာကို ရရှိထားပါက မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ခြင်းသည် သင့်မှာ မရှိလျှင်မဖြစ်ပါ။

**မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း၏ ပါဝါကိုမည်ကဲ့သို့ ထုတ်လွှတ်ရမလဲ**

ပိုမိုကောင်းမွန်သော မဟာဗျူဟာစဉ်းစားတွေးခေါ်သူတစ်ဦးဖြစ်လာရန် မိမိတို့သည် စီမံချက်များကိုဖော်ထုတ်ဖန်တီးနိုင်စွမ်းရှိရမည့်အပြင် ထိုစီမံချက်များဖြင့် လိုအပ်သော ရည်မှန်းချက်များကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် အောက်ပါ အကြံပေးချက်များကို စွဲမြဲစွာမှတ်သားထားစေလိုပါသည်–

**(၁) အကြောင်းကိစ္စတစ်ခုလုံးကိုစိတ်ပိုင်းလိုက်ပါ။** မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း၏ပထမခြေလှမ်းသည် အကြောင်းကိစ္စတစ်ခုကို ပိုမိုသေးငယ်ပြီးစီမံခန့်ခွဲနိုင်သောအစိတ်အပိုင်းများအဖြစ်သို့ စိတ်ပိုင်းရန်ဖြစ်သည်။ ဤသို့ပြုလုပ်လိုက်ခြင်းဖြင့် ထိုအစိတ်အပိုင်းများ အပေါ်တွင် ပို၍ထိရောက်စွာ စူးစိုက်နိုင်ပါမည်။ စိတ်ပိုင်းရန်သာ အရေးကြီးပြီး ဘယ်လိုစိတ်ပိုင်းရမည် ဆိုသည်မှာ ထိုမျှလောက် အရေးမကြီးပါ။ လည်ပတ်ရသည့်လုပ်ငန်းအစိတ်အပိုင်းများ အဖြစ်သို့စိတ်ပိုင်းလိုပါက စိတ်ပိုင်းနိုင်ပါသည်။ ဤနည်းသည် မော်တော်ယာဉ်ကို ဆန်းသစ်တီထွင်သူ Henry Ford က မော်တော်ယာဉ် တပ်ဆင်မှုလိုင်းဖန်တီးခဲ့သော အချိန်ကအသုံးပြုခဲ့သောနည်းဖြစ်ပါသည်။ ထိုအချိန်ကသူပြောခဲ့သည်မှာ"အကယ်၍ သင်ကသေးငယ်သော အလုပ်များအဖြစ်သို့ပိုင်းခြားလိုက်မည်ဆိုပါက မည်သည့်အလုပ်မျှထူးထူးခြားခြား ခက်ခဲခြင်းမရှိတော့ပါဘူး" ဟူ၏။

အကြောင်းကိစ္စတစ်ခုကို မည်ကဲ့သို့ စိတ်ပိုင်းရမည်ဆိုသည်မှာ သင့်အပေါ်မှာ တည်ပါသည်။ လည်ပတ်မှုအပိုင်း၊အချိန်ကာလ၊ တာဝန်ယူမှု၊ ရည်ရွယ်ချက် သို့မဟုတ် အခြားနည်းတစ်ခုခုဖြင့် ပိုင်းခြားနိုင်ပါသည်။ အရေးကြီးသည်မှာ အကြောင်းကိစ္စကြီးကို စိတ်ပိုင်းဖြစ်ရန်သာလိုပါသည်။ လက်တွေ့တွင် လူတစ်သန်းမှာ တစ်ယောက်မျှကသာ ကိစ္စကြီးတစ်ခုလုံးကို သူတစ်ဦးတည်း၏ခေါင်းထဲတွင်ထား၍ ပြဿနာများကို လက်လှည့်ဆရာကဲ့သို့ ကျွမ်းကျင်စွာကိုင်တွယ်နိုင်ပြီး ခိုင်မာသော စီမံချက်များကို မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်နိုင်မည်ဖြစ်ပါသည်။

**(၂) ဘယ်လိုလုပ်ရမလဲဟု မမေးမီ ဘာကြောင့်လုပ်ရသလဲဟုမေးပါ။** လူအများစုသည် မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်းကို အသုံးပြု၍ ပြဿနာတစ်ရပ်ကိုဖြေရှင်းတော့မည် သို့မဟုတ် ရည်မှန်းချက်တစ်ခုကိုရအောင်လုပ်တော့မည်ဆိုသည့်အခါတွင် သူတို့သည်စည်းခိုးခြင်းအမှားကိုကျူးလွန်လေ့ရှိကြသည်။ ၎င်းကိစ္စကို ဘယ်လိုပြီးမြောက်အောင်မြင်ရန် လုပ်မလဲဟု ချက်ချင်းဖော်ထုတ်ကြသည်။ သူတို့သည် "ဘယ်လိုလဲ"ဟု မမေးခင် "ဘာကြောင့်လဲ" ဟု ဦးစွာမေးသင့်ပါသည်။ အကယ်၍လူတို့သည် ပြဿနာဖြေရှင်းခြင်းပုံစံသို့တိုက်ရိုက်ဝင်ရောက်သွားခဲ့လျှင် အကျိုးသင့် အကြောင်း သင့် သိသင့်သော ကိစ္စအားလုံးကို သူတို့မသိနိုင်တော့ပါ။

အမေရိကန်သံမဏိလုပ်ငန်းရှင် Eugene G. Grace က "အင်ဂျင်နီယာထောင်ပေါင်းများစွာ က တံတားပုံစံများ ရေးဆွဲခြင်း၊ ဆန့်အားဖိအားများ တွက်ချက်ခြင်း နှင့် စက်ကိရိယာများအတွက် သီးသန့် လိုအပ်ချက်ပုံစံများ ရေးဆွဲခြင်းတို့ကို ပြုလုပ်နိုင်ကြသည်။ သို့သော် ပိုမိုကြီးမြင့်သော အင်ဂျင်နီယာကသာ ထိုတံတား သို့မဟုတ် စက်ကိရိယာကို ဆောက်မည် သို့မဟုတ် မဆောက်မည်ကိုလည်းကောင်း၊ ဘယ်နေရာတွင်ဆောက်မည်၊ ဘယ်အချိန်ရောက်မှ ဆောက်မည်ကိုလည်းကောင်း ပြောနိုင်ပါသည်။" ဟု ဆိုခဲ့ပါသည်။ ဘာကြောင့်လဲဟုမေးခြင်းသည် ဆုံးဖြတ်ချက်များပြုလုပ်ရန် အကြောင်းရင်းအားလုံးကို စဉ်းစားနိုင်ရေးအတွက် သင့်ကိုကူညီပါသည်။ ဖြစ်နိုင်ခြေများနှင့် အခွင့်အရေးများသို့ သင်၏ စိတ်အာရုံများကိုညွှတ်ထားရန်လည်း ကူညီပါသည်။ အခွင့်အရေးတစ်ရပ်၏ ပမာဏသည် သင်ရင်နှီးမြှုပ်နှံရမည့် အရင်းအမြစ် အဆင့်အတန်းနှင့် အားထုတ်မှုတို့အပေါ် တည်ပါသည်။ ကြီးမားသော အခွင့်အရေးများ အတွက် အရေးကြီးသော ဆုံးဖြတ်ချက်များလိုအပ်ပါသည်။ အကယ်၍ သင်သည်ဘယ်လိုလုပ်ရမလဲဟု အလွန်စောစီးစွာ ဖြတ်မေး လိုက်ပါက ထိုအခွင့်အရေးအားလုံးကို သင်ဆုံးရှုံးသွားနိုင်ပါသည်။

**(၃) စစ်မှန်သောအကြောင်းကိစ္စများနှင့် ရည်မှန်းချက်များကို စိစစ်ဖော်ထုတ်ပါ။** “ဘဝ၏အရေးကိစ္စ”(The Business of Life)စာအုပ်ကိုရေးသားခဲ့သည့် စာရေးဆရာ William Feather က “ပြဿနာတစ်ခုကို ဖြေရှင်းခြင်းမပြုမီ ပြဿနာ၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာ ဖော်ပြနိုင်ရမည်” ဟု ပြောခဲ့ပါသည်။ လူများစွာတို့သည် အဖြေသို့ တန်းသွားလိုကြသည်။ သို့ဖြစ်၍ သူတို့သည် များသောအားဖြင့် မှားယွင်းသော ပြဿနာကို ဖြေရှင်းမိကြသည်။ ဤအဖြစ်ကို ရှောင်ရှားနိုင်ရန်အတွက် သင်သည် စူးစမ်းသောမေးခွန်းများဖြင့် အကြောင်းကိစ္စအမှန်ကိုဖော်ထုတ်ရပါမည်။ သင်၏ ယူဆချက်အားလုံးကို စိန်ခေါ်ပါ။ သင်သည်အကြောင်းကိစ္စကို စိစစ်ဖော်ထုတ်ပြီးဖြစ်သည်ဟု ထင်ရသော်လည်း သတင်းအချက်အလက်များကို ဆက်လက်စုဆောင်းနေပါ။ သင်သည် မပြည့်စုံသောအချက်အလက်များဖြင့် လုပ်ဆောင်နေရခြင်းဖြစ်နိုင်ပါသည်။သို့သော် လုံလောက်သောသတင်းအချက်အလက်များဖြင့် အကြောင်းကိစ္စအစစ်အမှန်ကို စတင်စိစစ်ခြင်းမပြုနိုင်သေးမီသင်သည် နိဂုံးချုပ်ဆုံးဖြတ်ချက်သို့ ဖြတ်မသွားလိုပါက စစ်မှန်သော အကြောင်းကိစ္စက ဘာဖြစ်နိုင်သေးသလဲ” ဟု စတင်မေးရပါမည်။ သင်၏ ပုဂ္ဂိုလ်ရေး အစီအစဉ်များကိုလည်း ဖယ်ရှားထားရပါမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချက်များသည် အခြားမည်သည့်အရာများထက်မဆို သင်၏ချိန်ဆမှုကို တိမ်သလာဖုံးအုပ်ထားနိုင်သောကြောင့်ဖြစ်ပါသည်။ စစ်မှန်သောအခြေအနေနှင့် ရည်မှန်းချက်တို့ကို ဖော်ထုတ်ခြင်းသည် တိုက်ပွဲ၏အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ အတွေ့အကြုံအရ မကြာခဏတွေ့ရသည်မှာ စစ်မှန်သောအကြောင်းကိစ္စများကို စိစစ်ဖော်ထုတ်ပြီးပြီဆိုလျှင် ပြဿနာ၏ အဖြေကလွယ်သွားပြီဖြစ်ပါသည်။

**(၄) သင်၏အရင်းအမြစ်များကိုပြန်လည်သုံးသပ်ပါ။** အရင်းအမြစ်များကိုသတိထားသုံးစွဲရန်နှင့် ၎င်းအရင်းအမြစ်များသည် မည်မျှအရေးကြီးသည်ကို ယခင်ကဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယခုလည်း ထပ်ပြောရပါဦးမည်။ အရင်းအမြစ်များကို ထည့်မတွက်သော မဟာဗျူဟာတစ်ခုသည် ဆုံးရှုံးရန်အမြဲကံဆိုးမိုးမှောင်ကျနေပါသည်။ စစ်တမ်းတစ်ခုယူကြည့်ပါ။ သင့်မှာ အချိန်ဘယ်လောက်ရှိ သလဲ။ ငွေဘယ်လောက်ရှိသလဲ။ ပစ္စည်းကိရိယာများ ထောက်ပံ့ရေး သို့မဟုတ် သိုလှောင်ထားသော ပစ္စည်း စာရင်းဘယ်လောက်ရှိသလဲ။သင်၏အခြားအဖိုးတန်အရည်အချင်းကဘာလဲ။တာဝန်ဝတ္တရားများကိုမည်သူများကပါဝင်ထမ်းဆောင်ကြမလဲ။ သင်၏ အသင်းအဖွဲ့တွင် မည်သူများက ထိရောက်မှုရှိစွာ ကိုင်တွယ်နိုင်ကြသလဲ။ သင်၏အဖွဲ့ဝင်များနှင့် အတတ်ပညာရှင်တို့အကြောင်းကို သိရှိအောင်လုပ်ပါ။ ဤနည်းဖြင့် သင်အလိုရှိသလို အသုံးပြုနိုင်သော အရင်းအမြစ်များသည် ပုံပေါ်လာပါမည်။

**(၅) စီမံချက်ကိုပြုစုပါ။** စီမံချက်ပြုလုပ်သည့် လုပ်ငန်းစဉ်သည် သင်၏ အတတ်ပညာကျွမ်းကျင်မှုနှင့် သင်ကိုင်တွယ်ရန် ကြံစည်ထားသည့် စိန်ခေါ်မှုအရွယ်အစားတို့အပေါ်များစွာ တည်ပါသည်။ ထို့ကြောင့် ဤအပိုင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များစွာကို ထောက်ခံပြောကြားရန်ခက်ခဲပါသည်။ တစ်ခုတော့ပြောနိုင်ပါသည်၊ သင်၏စီမံချက်ကို ဘယ်လိုပဲလုပ်လုပ် “သိသာထင်ရှားသောအချက်များမှစတင်ပါ” ဟူသော အကြံဉာဏ်ကိုတော့ အသုံးပြုနိုင်ပါသည်။ ။ အကြောင်းကိစ္စ တစ်ခုကိုကိုင်တွယ်သောအခါ အထက်ပါနည်းလမ်းအတိုင်းအသုံးပြုလျှင် အသင်းအဖွဲ့အတွင်း စုစည်းညီညွတ်မှုနှင့် အများစုသဘောတူညီချက်တို့ကို ဆောလျင်စွာရရှိနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းက ထိုအချက်များကို မြင်တွေ့နိုင်ကြသောကြောင့် ဖြစ်ပါသည်၊ သိသာထင်ရှားသော အကြောင်းအချက်သည် စိတ်ဓါတ်ရေးရာအဟုန်ကို တည်ဆောက်ပေးပါသည်။ တီထွင်ဖန်တီးမှုနှင့် စူးစိုက်မှုတို့ကို ဖြစ်ပေါ်စေ

ပါသည်။ ရှုပ်ထွေးသော အခြေအနေတစ်ခုကို ဖောက်ထွင်းရန် လမ်းထွင်မည်ဆိုလျှင် အကောင်းဆုံး နည်းလမ်းသည် ဤအခြေခံအချက်များပေါ်တွင် တည်ဆောက်ရန် ဖြစ်ပါသည်။

**(၆) လူမှန်နေရာမှန်ထားပါ။** သင်၏ မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်မှုတွင် သင်၏ အသင်းအဖွဲ့သည် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ရန် အရေးကြီးပါသည်။ သင်၏စီမံချက်ကို အကောင် အထည်မဖော်မီ သင်သည် လူမှန်နေရာမှန် နေရာချထားပြီးပြီဆိုသည်ကို သေချာစေရမည်။ သင်၏ လူများကိုသင်၏အဖြေရှာခြင်း နည်းလမ်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ်ထည့်မတွက်ပါက အကောင်းဆုံး မဟာဗျူဟာ စဉ်းစားတွေးခေါ်မှုပင်အလုပ်မဖြစ်နိုင်ပါ။ သင်၏အတွက်အချက် မှားယွင်းမှုကြောင့် ဘာဖြစ် နိုင်သလဲဆိုသည်ကိုသိရှိလိုပါက–

| | |
|---|---|
| **မှားယွင်းသောလူ။** | အလားအလာများအစား ပြဿနာများဖြစ်မည်။ |
| **မှားယွင်းသောနေရာ။** | စိတ်ချမ်းသာမှုအစား အားမလိုအားမရဖြစ်မည်။ |
| **မှားယွင်းသောစီမံချက်။** | ကြီးထွားတိုးတက်မှုအစား သောကပရိဒေဝဖြစ်မည်။ |

မည်သို့ပင်ဖြစ်စေအင်အားစုသုံးခုကို လူမှန် ၊ နေရာမှန် ၊ စီမံချက်မှန် နေရာချထားနိုင်ခဲ့လျှင် အရာ အားလုံးသည် အတူတကွ ပေါင်းစည်းမိလာကြပါမည်။

**(၇) လုပ်ငန်းစဉ်ကို အဖန်ဖန်ထပ်၍ပြုလုပ်ပါ။** စာရေးသူ Maxwell ၏မိတ်ဆွေ Olan Hendrix က မှတ်ချက်ချဖူးပါသည်။ "မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း ဆိုသည်မှာ ရေချိုးသလိုပါပဲ၊ နောင်လည်းဆက်လုပ်နေရဦးမှာပဲလေ" ဟူ၏။ ပြဿနာကြီးတစ်ခုကို တစ်ကြိမ်တစ်ခါမျှသာ ဝင်ရောက် ဖြေရှင်းပေးရန် မျှော်လင့်ခဲ့လျှင် သင်သည် စိတ်ပျက်ရတော့မည်ဖြစ်ပါသည်။ သေးသေးမွှားမွှား ကိစ္စ ကလေးများသည် စနစ်များ၊ စည်းမျဉ်းစည်းကမ်းများဖြင့် အလွယ်တကူ အောင်မြင်စွာ ရှင်းလင်းနိုင်ပါ သည်။ သို့သော်ကြီးမားသော အကြောင်းကိစ္စများအတွက် မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ရန် အချိန် များစွာလိုအပ်ပါသည်။ စာရေးဆရာ Thane Yost ပြောခဲ့သည့်စကားများသည် အလွန်မှန်ပါသည်။ သင့်မှာပြင်ဆင်မှု ပြုလုပ်ရန် ဆန္ဒမရှိခဲ့လျှင် အောင်နိုင်ရန်ဆန္ဒရှိမှုသည် အချည်းနှီးသာတည်း" ဟူ၏။ သင်သည် ထိရောက်သော မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်သူတစ်ယောက်ဖြစ်လိုပါက အလျဉ်မပြတ် မဟာဗျူဟာ စဉ်းစားတွေးခေါ် နေသူ တစ်ယောက်ဖြစ်ရပါမည်။

စာရေးသူ Maxwell သည် ဂျူးလူမျိုးတို့၏ လွတ်မြောက်မှုအထိမ်းအမှတ် ပွဲတစ်ခုအကြောင်း ရေးသားထားသည့် သတင်းစာဆောင်းပါး တစ်စောင်ကို အမှတ်မထင်ဖတ်မိခဲ့သည်။ ထိုဆောင်းပါးတွင်း Maxwell House Coffee မှ ထုတ်ဝေသော လက်ကမ်းစာအုပ်ငယ်ကလေး၌ ဖော်ပြထားသည့် ဂျူးလူမျိုး တို့၏ ဓလေ့ထုံးစံလိုက်နာရမှုများ အကြောင်းကို အမေရိကန်ရှိ ဂျူးလူမျိုးသန်းပေါင်းများစွာက ဖတ်ရှု ခဲ့ကြပုံကိုရေးသားဖော်ပြထားပါသည်။ ထိုကော်ဖီကုမ္ပဏီသည် လွန်ခဲ့သောနှစ်ပေါင်း ခုနှစ်ဆယ်ကျော် ကတည်းက Haggada အမည်ဖြင့် လက်ကမ်းစာအုပ်ငယ် အုပ်ရေ စုစုပေါင်း သန်းလေးဆယ်ကျော် ဖြန့်ချိပေးခဲ့ပါသည်။

အသက်ငါးဆယ်အတွင်းခန့်ရှိသည့် Regina Witt ဆိုသူအမျိုးသမီးတစ်ဦးက "ဒီအချက်တွေ အားလုံးကို ကျွန်မတစ်သက်လုံးမှတ်သားပြီးလိုက်နာသုံးစွဲနေတယ်" ဟုပြော၏။ သူမ၏မိခင်အသက် ကိုးဆယ်ခန့်ကလည်း "ဒါကျွန်မတို့ရဲ့ အစဉ်အလာပဲလေ၊ ဒီအချက်တွေကို မသုံးစွဲမိခဲ့လျှင် ထူးဆန်း သလိုဖြစ်နေတယ်" ဟု ဆိုပါသည်။

Maxwell House သည် ဤစာအုပ်ငယ်ကလေးများကို ထောက်ပံ့ပေးရန် မည်ကဲ့သို့ ဖြစ်လာခဲ့ရ သနည်းဟုမေးလာလျှင်မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း၏ရလဒ်တစ်ခုဖြစ်သည်ဟု ဖြေရပါမည်။ လွန်ခဲ့သော နှစ်ပေါင်းရှစ်ဆယ်ခန့်က ဈေးကွက်ရှာဖွေရေးသမား တစ်ဦးဖြစ်သော Joseph Jacobs က

ကုမ္ပဏီအား အကြံပေးခဲ့သည်မှာ အကယ်၍ ကုမ္ပဏီထွက်ကုန်အပေါ် ဂျူးလူမျိုးဘာသာရေး ခေါင်းဆောင်တစ်ဦး၏ ဘာသာရေးထုံးစံအရ စစ်မှန်ကြောင်း တရားဝင် ထောက်ခံချက်ရရှိခဲ့လျှင် ဂျူးလူမျိုးများ၏ လွတ်မြောက်ရေးနေ့ အခမ်းအနားများ၌ ကော်ဖီရောင်းချနိုင်မည်ဖြစ်ကြောင်း ဟူ၍ ဖြစ်သည်၊ (Maxwell House ကော်ဖီသည် ၁၉၂၃ ခုနှစ် မှစတင်၍ လွတ်မြောက်ရေးအခမ်းအနားများအတွက် အဆိုပါ ထောက်ခံချက်ရရှိခဲ့ပါသည်။) ထို့အပြင် Jacobs ၏ အကြံပြုချက်တွင် ထိုအခမ်းအနားများ၌ Haggada စာအုပ်ငယ်များအား ဖြန့်ဝေပေးခဲ့နိုင်လျှင် ရောင်းအား တိုးတက်လာမည် ဟူ၍လည်း ဖော်ပြခဲ့ပါသည်။ ထိုအချိန်မှစတင်၍ သူတို့သည် စာအုပ်ငယ်များကို ဖြန့်ဝေခဲ့ပြီး လွတ်မြောက်ရေးအခမ်းအနားတိုင်းတွင် ကော်ဖီရောင်းနေခဲ့သည်မှာ ယခုတိုင်ဖြစ်၏။ ဤသည်မှာ မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ခြင်း ပါဝါကို ထုတ်လွှတ်ခြင်း၏ အကျိုးကျေးဇူးသာဓက တစ်ခုပင်ဖြစ်ပါသတည်း။